# ညွှန်ကြားရေးမှူးထံမှ အမှာစကား (၂၀၂၀ ဇွန်လ ၈ ရက်)

#CultureConnectsUs

မေလ ၂၅ ရက်နေ့က ပြောကြားခဲ့သော အမှာစကား၏ နောက်ထပ်သတင်းအနေနှင့် မြန်မာနိုင်ငံ လက်ရှိအခြေအနေအပေါ် ကျွန်ုပ်တို့၏တုံ့ပြန်ချက်များကို အသိပေးလိုပါသည်။

ကျွန်ုပ်တို့၏လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရမှ မကြာသေးမီက ထုတ်ပြန်ခဲ့သည့်လမ်းညွှန်ချက်များနှင့်အညီ ရန်ကုန်နှင့်မန္တလေးမြို့များရှိ ကျွန်ုပ်တို့၏စာကြည့်တိုက်များနှင့် ယူကေပညာအရည်အချင်းများအတွက် လူချင်းတွေ့ဆုံပြီး ဆောင်ရွက်ရသော ဝန်ဆောင်မှုများကို စမ်းသပ်သည့်အနေနှင့် စတင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ဧည့်သည်များနှင့် လုပ်ဖော်ကိုင်ဖက်များ လုံခြုံမှုရှိစေရန် ယခင်အမှာစကားတွင်ဖော်ပြခဲ့သည့်အတိုင်း အမျိုးမျိုးသောအစီအမံများကိုပြုလုပ်ခဲ့ပါသည်။

ဧည့်သည်များ၏ တုန့်ပြန်ချက်နှင့် မြန်မာနိုင်ငံအစိုးရ၏ နောက်ဆုံးထုတ်ပြန်ထားသော အကြံပြုချက်များကို တုံ့ပြန်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်ယခုအခါ လူချင်းတွေ့ဆုံပြီး ဆောင်ရွက်ရသော ဝန်ဆောင်မှုများကို ဆက်လက်ပြီး အဆင့်မြှင့်တင်ရန်စီစဉ်နေပြီဖြစ်ပါသည်။ ၎င်းတွင် ကျွန်ုပ်တို့၏ ရန်ကုန်စာကြည့်တိုက်များနှင့် မန္တလေးမြို့များတွင် ပိုမိုအသုံးပြုခွင့်ရရှိခြင်း၊ မေလတွင် ပြန်လည်စတင်ခဲ့သော ကွန်ပြူတာပေါ်တွင် ဖြေဆိုရသော IELTS စာမေးပွဲအပြင်  စာရွက်ပေါ်တွင် ဖြေဆိုရသော IELTS စာမေးပွဲများကို စီစဉ်ခြင်းနှင့် ရန်ကုန်မြို့တွင် လူကိုယ်တိုင်တက်ရောက်ရသော အင်္ဂလိပ်ဘာသာစကားသင်တန်းများကို ပြန်လည်စတင်ခြင်း တို့ပါဝင်ပါသည်။

ယခင် ဝန်ဆောင်မှုများ ပြန်လည်စတင်ခြင်းကဲ့သို့ပင် ကျွန်ုပ်တို့၏ ဧည့်သည်များနှင့် ဝန်ထမ်းများ လုံခြုံမှုရှိစေရန် Junction City ၌ အမျိုးမျိုးသော အစီအမံများကို လုပ်ဆောင်သွားမည်ဖြစ်ပြီး IELTS စာမေးပွဲစစ်ဆေးခြင်းများအတွက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်ကိုလျှော့ချရန် အစီအမံများကိုလည်း ပြုလုပ်သွားပါမည်။

- ရောက်ရှိသောအချိန်တွင် အပူချိန်စစ်ဆေးခြင်းနှင့် အဆက်အသွယ်ခြေရာခံခြင်းအပါအဝင် ရောက်ရှိချိန်/ထွက်ခွာချိန်လုပ်ငန်းစဉ်များကို စီမံခြင်း

- စတင်ချိန်၊ ပြီးဆုံးချိန်နှင့် နားချိန်များကို တစ်ထပ်တည်းမကျအောင် အချိန်ဇယားဆွဲခြင်း

- အဆောက်အဦးအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ သွားလာမှုကို စီမံရန် ဝန်ထမ်းများထပ်တိုးထားရှိခြင်း

- ကျောင်းသား၊ ကျောင်းသူများနှင့် စာမေးပွဲဖြေဆိုသူအရေအတွက်ကို လျှော့ချခြင်း

- စာသင်ခန်းများနှင့်စာမေးပွဲခန်းများတွင် တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေစေခြင်း (ဥပမာ - ပရိဘောဂများကို ခွဲထားခြင်းနှင့် ပိုင်းခြားထားခြင်း)

- အတန်းများနှင့် စာမေးပွဲများအကြား ပုံမှန်နှင့် ထပ်တိုးထားသောသန့်ရှင်းရေးအစီအစဉ်များ ထားရှိခြင်း

- အင်္ဂလိပ်စာအတန်းများတွင် စာသင်ခန်းစီမံခန့်ခွဲမှုပြောင်းလဲမှုတစ်ခုအနေဖြင့် တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေစေခြင်းနှင့် စာသင်ခန်းများအသုံးပြုခြင်းကိုဆရာတစ်ဦး တည်းကိုသာ ကန့်သတ်ထားခြင်း

- တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေစေရန်အတွက် ဝန်ထမ်းများနေသည့်အခန်းနှင့် စောင့်ဆိုင်းရန်ထားသည့်အခန်းများအားလုံးကို စီစဉ်ခြင်း

ကျွန်ုပ်တို့၏အင်္ဂလိပ်စာသင်တန်းများသည် ဦးစွာ ဇွန်လ ၂၀ ရက်တွင် Junction City ၌ adult ကျောင်းသားကျောင်းသူများအတွက်လည်းကောင်း၊ ဇူလိုင်လတွင် ကမ်းနားလမ်း၌ ငယ်ရွယ်သောကျောင်းသားကျောင်းသူများအတွက်လည်းကောင်း စတင်သွားပါမည်။ ယခုနှစ်နှောင်းပိုင်း ဇူလိုင်လနှင့် စက်တင်ဘာလအကြားတွင် အင်္ဂလိပ်ဘာသာစကားနှင့် အတတ်ပညာဆိုင်ရာစာမေးပွဲများအတွက် စာမေးပွဲဝန်ဆောင်မှုများနှင့် ယူကေပညာအရည်အချင်းများအတွက် ဝန်ဆောင်မှုများကို ပြန်လည်စတင်ရန်စီစဉ်ထားပါသည်။

ဗြိတိသျှကောင်စီကိုယ်စား ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအပေါ်တွင် ထားရှိဆဲ ကတိကဝတ်များနှင့် အားပေးကူညီနေမှုများကို ယုံကြည်စိတ်ချရန် ထပ်မံပြောကြားလိုပါသည်။ မြန်မာနိုင်ငံနှင့် နှစ်ရှည်လများ တည်ရှိနေခဲ့သောခင်မင်ရင်းနှီးမှုအတွက် အလွန်ဂုဏ်ယူမိပါသည်။ လက်ရှိကပ်ရောဂါကြောင့် ဖြစ်ပေါ်နေသော

အခက်အခဲများရှိသော်လည်း မြန်မာနိုင်ငံနှင့် ယူကေနိုင်ငံရှိ ပြည်သူများနှင့် အဖွဲ့အစည်းများကို ဆက်လက်ချိတ်ဆက်ပေးရန် မျှော်လင့်နေပါသည်။

#CultureConnectsUs

Dr Richard Sunderland
ညွှန်ကြားရေးမှူး
ဗြိတိသျှကောင်စီ မြန်မာ